

မကွေးတိုင်း ပခုက္ကူခရိုင်၊ ပခန်းငယ်၏ မြောက်ဘက်တွင် 'ချစ်သူရွာ 'ဆိုသည့် ရွာလေးတစ်ရွာ ရှိပါသည် ။

ထိုရွာလေးသည် ထူးဆန်းသည့် အချစ်ကိစ္စများ ရှိသော ရွာလေးတစ်ရွာလည်း ဖြစ်ပါသည် ။

တစ်နေ့ …

******

(၁)

တက္ကသိုလ်တစ်ခု၏ ကျောင်းစာသင်ခန်းတစ်ခုတွင် ဆရာတစ်ယောက်သည် ကျောင်းသား ကျောင်းသူများကို စာသင်လျက်ရှိသည် ။

အာပေါင်အာရင်းသန်သန် ဟောပြောပို့ချ သင်ကြားမှုကြောင့် စာသင်သားအားလုံးသည် ငေးမောကာ စိတ်ဝင်တစား နားထောင်နေကြသည် ။

သင်ကြားနေသော ဆရာမှာ ပါမောက္ခတစ်ဦးဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ နှင့် လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေတတ်သော

ကြောင့် ကျောင်းသားကျောင်းသူများက လေးစားချစ်ခင်ကြသည် ။

ခဏကြာသောအခါတွင် ဆရာသည် စာသင်ကြားမှုအား ရပ်နားလိုက်ပြီး -

"ကဲ.. နောက်တစ်ပတ်ဆိုရင် ကျောင်းပိတ်တော့မယ်။ အားလုံး ပျော်နေကြမှာ ပေါ့"

ဟု မေးလိုက်၏။

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အေး.. အေး၊ လူငယ်သဘာဝအရတော့ ပျော်မှာ ပေါ့ကွာ၊ ဆရာကတော့ ကျောင်းပိတ်ရက်မှာ ဆရာ့သူငယ်ချင်း တစ်ယောက်က ဖိတ်ထားလို့ ရွာလေးတစ်ရွာကို သွားလည်ရဦးမယ်"

ဤတွင် အမေးအမြန်းထူသော ကျောင်းသားလေးတစ်ယောက်က-

"ဘယ်ရွာကိုလဲ ဆရာကြီး"

ဆရာက မြေဖြူများကို ဗူးလေးထဲထည့်ရင်း -

"ချစ်သူရွာကို သွားရမှာ ပါ"

"ဟင်"

ကျောင်းသား၊ ကျောင်းသူများအားလုံး စိတ်ဝင်စားသွားကြသည် ။

'ချစ်သူရွာ'.. တဲ့ ။ သူတို့ မကြားဖူးသော နာမည်တစ်ခု ဖြစ်သည် ။ ထိုအမေးအမြန်းထူသော ကျောင်းသားလေးကပဲ -

"ဟို… ဆရာကြီးချစ်သူရှိတဲ့ ရွာကို ပြောတာလား"

ဟု မေးပြန်၏။

ဆရာက ပြုံးလိုက်ရင်း -

"မဟုတ်ပါဘူး၊ ရွာရဲ့ နာမည်က 'ချစ်သူရွာ'တဲ့ ။ သိပ်စိတ်ဝင်စားစရာ ကောင်းတဲ့ ရွာလို့ လည်း ပြောတယ်"

"ဒါဆို ဆရာကြီး တစ်ခေါက်မှ မရောက်ဖူးဘူးပေါ့"

"အင်း.. ဟုတ်တယ်"

"ဘယ်လို စိတ်ဝင်စားစရာ ကောင်းတဲ့ ရွာလဲ ဆရာကြီး"

"အချစ်နဲ့ ပတ်သက်ပြီး စိတ်ဝင်စားစရာလေးတွေ ရှိတယ်လို့ ပြောတယ်"

အချစ်နဲ့ ပတ်သက်တယ်ဆိုသောကြောင့် အားလုံး စိတ်ဝင်စားသွားကြသည် ။ လူငယ်တွေပဲ.. အချစ်ကို စိတ်ဝင်စားကြတာပေါ့။

ထိုရွာမှာ အချစ်နဲ့ ပတ်သက်ပြီး ဘာတွေရှိလို့ လဲ။

"ဆရာနဲ့ အတူ ဆရာကျော်လည်း လိုက်မှာ ပါ"

ဆရာကျော်မှာ သူတို့ မေဂျာ၏ လူပျိုကြီးဆရာတစ်ဦး ဖြစ်သည် ။

"ပျော်စရာကြီးနေမှာ ပဲနော်"

"နာမည်လေးက ချစ်စရာလေး"

"အဲဒီရွာက ဘာတွေရှိလဲ မသိဘူး"

စသည် ဖြင့် ကျောင်းသား၊ ကျောင်းသူများ အကြား တီးတိုး၊ တီးတိုး စကားသံများ ထွက်ပေါ်လာကြသည် ။

ဆရာက အားလုံးကို တစ်ချက်ကြည့်လိုက်ပြီး -

"အဲဒီချစ်သူရွာက ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်မှာ ရှိတယ်။ အသေး

စိတ်ပြောရရင် ပခန်းငယ်ရဲ့ မြောက်ဘက်မိုင် အနည်းငယ်အကွာမှာ ရှိတယ်"

အားလုံး ဘာမှ ပြန်မပြောဘဲ ဆရာ့စကားကိုသာ နားထောင်နေကြသည် ။

အရင်တုန်းက အတန်းပြီးလျှင် ဝရုန်းသုန်းကား ထွက်ကြသော ကျောင်းသား၊ ကျောင်းသူများအားလုံးသည် အခု အတန်းမဆင်းကြဘဲ ဆရာ၏ ချစ်သူရွာလက်ချာကို ဆက်နားထောင်နေကြသည် ။

"ဆရာပြန်လာမှ ပဲ ချစ်သူရွာအကြောင်း အသေးစိတ် ပြောပြတော့မယ်"

ဟု ဆိုပြီးနောက် အတန်းဆင်းလိုက်၏။

ဤတွင် အတန်း၏ ထောင့်နားတွင် မျက်နှာ သုန်သုန်မှုန်မှုန်နှင့် ထိုင်နေသော ကျောင်းသား တစ်ယောက်ကို အားလုံးက သတိမပြုမိကြချေ။

စိတ်ညစ်နေပုံရသည် ။

သူသည် ကျောင်း၌ နာမည်ကြီး ကျောင်းသားတစ်ဦးဖြစ်ပြီး ဉာဏ်လည်း ထက်မြက်၏။

အရင်က ခပ်သွက်သွက်ဖြင့် စကားပြောကောင်းသော ထိုကျောင်းသားသည် ဘာကြောင့်အခု ငြိမ်သက်နေရတာလဲ။

ယနေ့ သူသည် အားလုံးနှင့် စကားမပြောဘဲ ငြိမ်ငြိမ်လေး ထောင့်ကပ်ထိုင်နေခြင်း ဖြစ်သည် ။

အတန်းထဲက ဆရာကြီးထွက်သောအခါတွင် ထိုကျောင်းသားသည် ထိုင်နေရာမှ ထလိုက်၏။

ထို့နောက် ဆရာကြီးနောက်သို့ လိုက်သွားလေ၏။

ထိုကျောင်းသား၏ အမည်မှာ 'မောင်လွယ်'ဖြစ်သည် ။

******

(၂)

"ဆရာကြီး"

ဆရာကြီးသည် သူ့ကိုခေါ်သံကြားသောကြောင့် ခြေလှမ်းများ ရပ်ကာ နောက်သို့ လှည့်ကြည့်လိုက်သည်။

"ဩော်.. မောင်လွယ်"

မောင်လွယ်က ဆရာကြီးရှေ့၌ ရိုရိုသေသေ ရပ်လိုက်ပြီး

"ဆရာကြီးကို ပြောစရာရှိလို့ ပါ"

"အေး.. ပြောလေ"

"ကျွန်တော် ဆရာကြီးနဲ့ အတူ ချစ်သူရွာကို လိုက်ခဲ့ချင်ပါတယ်"

"ဟေ"

ဆရာကြီးမှာ အံ့သြသွားပြီး 'ဟေ'ဟု ပင် အသံရှည်ကြီး ထွက်သွားသည်။

အရင်တုန်းက ပျော်ပျော်နေတတ်သော၊ စကားတတ်သော မောင်လွယ်မှာ တစ်ခုခုဖြစ်နေမှန်း ဆရာကြီး ရိပ်မိလိုက်သည်။

"ဘာဖြစ်လို့ လဲကွ"

"ကျွန်တော် အခုတလော စိတ်မပျော်ရွှင်လို့ ၊ ခရီးတစ်ခုလောက်

ထွက်ချင်နေလို့ ပါ။ ပြီးတော့ ဆရာကြီးပြောတဲ့ ရွာကို စိတ်လည်း ဝင်စားလို့ ပါ"

မောင်လွယ် ထူးထူးဆန်းဆန်း လုပ်တတ်ပြီး၊ စိတ်ဝင်စားတတ်တာကိုတော့ ဆရာကြီးအပြင် တစ်ကျောင်းလုံးက သိသည် ။

"အခုသွားမယ့်ရွာက ငါလည်း တစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူးနော်။ နည်းနည်းတော့ အခက်အခဲရှိမယ်"

"ရပါတယ် ဆရာကြီး"

မောင်လွယ်ပါလျှင် အဖော်ရသည့်အပြင် အကူအညီပင် ရနိုင်သည်ဟု ဆရာကြီးက ယုံကြည်သည် ။

ထို့ကြောင့်...

"အေးလေ.. ဒါဆိုလည်း လိုက်ခဲ့ပေါ့။ ငါရယ်၊ မင်းရယ်၊ ဆရာကျော်ရယ် သုံးယောက် သွားကြတာပေါ့"

မောင်လွယ်၏ မျက်နှာမှာ စောစောက မျက်နှာအနေအထားနှင့် မတူတော့ဘဲ ပြုံးရွှင်သွား၏။

"ကျေးဇူးပါပဲ ဆရာကြီး"

ဟု မောင်လွယ်ကို ပြော လိုက်လေ၏။

******

ဆရာကြီး၏ အမည်ကိုတော့ အားလုံးက 'ဦးကာလဖေ'ဟု ခေါ်ကြ၏ ။ မည်သို့ ဆိုသော် ပရော်ဖက်ဆာကြီးသည် စကားပြောတိုင်း 'ဒီကာလ

ကြီးက အီဖေကိုတို့ ကာလပါကွ’ ဟု ပြောပြောတတ်သောကြောင့် ဖြစ်သည် ။ ထို့ကြောင့် ပရော်ဖက်ဆာ ‘ဦးကာလဖေ’ဟု ခေါ်ကြ၏။

******

‘ဆ ရာ ကျော် ’မှာ လူပျိုကြီးတစ်ဦးဖြစ်ပြီး နာမည်အရင်းမှာ ‘ကိုလွင်’ဖြစ်သည် ။ အားလုံးက သူ့ကို နာမည်အရင်းအတိုင်း မခေါ်ဘဲ ‘ဆရာကျော်’ဟု ခေါ်ကြ၏။ ဘာကြောင့် ထိုသို့ခေါ်ကြတာလဲ…။ ဒီလိုပါ…။ သူကြိုက်တဲ့ ကောင်မလေးတိုင်းက သူ့ကို ‘ကျော်ကျော်’ သွားကာ အခြားလူနောက် ပါသွားတတ်သောကြောင့် ဖြစ်သည် ။ သူသည် သဘောကောင်းသော ဆရာတစ်ဦးဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ နှင့် ရောရောနှောနှော နေတတ်သောကြောင့် ကျောင်းသား၊ ကျောင်းသူများကလည်း သူ့ကို ချစ်ခင်တတ်ကြသည် ။

******

မောင်လွယ်…။

သူကတော့ ကျောင်းမှာ သိပ်နာမည်ကြီးတဲ့ ကျောင်းသားတစ်ဦးပေါ့။ စကားပြော သိပ်ကောင်းတယ်လို့ ကျောင်းသူများက လက်ခံထားသူလည်း ဖြစ်တယ်။

တစ်ခုခုလုပ်ပြီဆိုရင် လူတိုင်းစိတ်ဝင်စားအောင် လုပ်တတ်တယ်။

ပျော်ပျော်နေတတ်တဲ့ အတွက်ကြောင့်လည်း အားလုံးနဲ့ လည်း ရင်းရင်းနှီးနှီး ရှိတတ်သေးတယ်။

ပြောရရင်.. သူ့ကို အားလုံးက စိတ်ဝင်စားကြတယ်။

ချစ်ကြတယ်။

ခင်ကြတယ်ပေါ့။

သူ့ကို တော်တော်များများက ပြောကြတယ်။

'ချစ်ခြင်းတွေ လွှယ်ထားတဲ့ မောင်လွှယ်' ... တဲ့ ။

******

အဲဒီလိုနဲ့ ...

တစ်နေ့မှာ ထိုသုံးယောက်သည် ချစ်သူရွာသို့ ခရီးစတင် ထွက်ခဲ့ကြ၏။

ထိုရွာလေးကို အားလုံးက 'ချစ်သူရွာ'ဟု အမည်ပေးထားကြသည် ။

ဘာကြောင့် 'ချစ်သူရွာ'လို့ အမည်ပေးထားရတာလဲ။

ထူးဆန်းတဲ့ အချစ်ဓလေ့များ ရှိလို့ လား။

ဘယ်သူမှ မသိကြ...။

ထိုရွာလေးကို ချစ်သူရွာဟု ပင် ဆက်ခေါ်နေကြဆဲ ဖြစ်သည် ။

ထူးခြားသော တစ်ခုက သူတို့ တစ်ရွာလုံးသည် 'အချစ်ကိစ္စနှင့် ပတ်သက်လျှင် ပွင့်ပွင့်လင်းလင်း' ရှိကြခြင်း ဖြစ်သည် ။

******

(၃)

ထနောင်းပင်နှင့် တမာပင်တန်း၏ အရိပ်များ အုံ့ဆိုင်းကာ အေးမြနေသော လမ်းလေးတစ်ခုတွင် ဖြစ်သည် ။

ထိုလမ်းလေးတွင် လူသုံးယောက်သည် အထုပ်ကိုယ်စီဖြင့် ရှေ့ကိုမျှော်ကြည့်ကာ ကြည့်ကာဖြင့် လမ်းလျှောက် လာလေ၏။

"ချစ်သူရွာကို မရောက်သေးဘူးလား ဆရာကြီး"

ထိုသုံးယောက်ထဲမှ လူငယ်လေးတစ်ယောက်က အသက်ကြီးသောသူတစ်ယောက်ကို မေးလိုက်၏။

"ရောက်တော့မယ် ထင်တယ်"

သူက ပြန်ပြော၏။

ထိုစဉ် ခပ်လှမ်းလှမ်းတွင် ဇရပ်တစ်ခုကို တွေ့လိုက်ရသည် ။

ထိုဇရပ်တွင် ဈေးသည် အမျိုးသမီး လေးယောက်သည် သူတို့ ၏ခေါင်းရွက်တောင်းများကို ချကာ အမောဖြေနေကြ၏။

"သူတို့ ကို မေးကြည့်ပါလား"

သုံးယောက်ထဲမှ လူလတ်ပိုင်းအရွယ်က လူငယ်လေးကို လှမ်းပြောလိုက်သည် ။

လူငယ်ကလည်း ..

"ဟုတ်ကဲ့... ဆရာကျော်"

ဟု ဆိုကာ ထိုအမျိုးသမီးလေးယောက်ကို လှမ်းပေးလိုက်သည် ။

"ချစ်သူရွာကိုရောက်ဖို့ တော်တော် လိုသေးလားမသိဘူး"

အမျိုးသမီးလေးယောက်က လူငယ်လေးကိုကြည့်၏။

ထို့နောက် ထိုလေးယောက်ထဲမှ တစ်ယောက်က ဘာမဆိုင် ညာမဆို င်..

"ဒီဇရပ်နာမည်က တစ်ဝက်ဇရပ်လို့ ခေါ်ပါတယ်"

ဟု ပြန်ဖြေ၏။ ထိုသို့ ဖြေပြီးနောက် ဈေးသည် လေးယောက်သည် ကိုယ့်တောင်းကိုယ် ရွက်ကာ ထွက်ခွာသွားလေ၏။ မောင်လွယ်မှာ ဘာလုပ်လို့ လုပ်ရမှန်းမသိသည့် အနေအထားဖြင့် ကျန်ခဲ့သည် ။ ထိုအမျိုးသမီးပြောသွားသော စကားကိုလည်း နားမလည်။ ပြန်မေးလို့ လည်း မရနှင့် စိတ်ပျက်လက်ပျက် ဖြစ်သွားသည် ။

သို့သော် ထိုအမျိုးသမီး လေးယောက်သည် လည်း ချစ်သူရွာမှ ဖြစ်ပေလိမ့်မည်ဟု ရိပ်မိလိုက်သည် ။

ထို့အပြင် ထိုအမျိုးသမီးအဖြေတွင် အကွာအဝေးတစ်ခုခု ပါလိမ့်မည်ဟု အားလုံးက တွေးမိလိုက်ကြသည် ။

အမျိုးသမီးလေးဦး ထွက်သွားသောအခါတွင် အသက်ကြီးသောသူက လူငယ်ဘက် လှည့်ကာ..

"မောင်လွယ်"

"ဗျာ.. ဆရာကြီး"

"မင်းဘယ်လိုထင်လဲ"

သူ ခဏမျှ စဉ်းစားလိုက်ပြီး -

"အခုရောက်နေတဲ့ ဇရပ်က တစ်ဝက်ဇရပ်လို့ သူတို့ ပြောသွားတယ်ဆိုတော့ စဉ်းစားစရာပဲ ဆရာကြီး"

"ဟုတ်တယ်"

"ပြီးတော့ ကျွန်တော်တို့ အခုလျှောက်လာတဲ့ မြေနီလမ်းက ပခန်းကြီးမြို့က စတယ်"

"အင်း"

"ကျွန်တော်တို့ သွားမယ့်ရွာကလည်း ဒီမြေနီလမ်းမှာ ရှိတဲ့ ပခန်းငယ်ရဲ့ အကျော်လေးမှာ ရှိတယ်ဆိုတော့ ဒီလမ်းရဲ့ တစ်ဝက်မှာ ဆောက်ထားတဲ့ ဇရပ်ဖြစ်တဲ့ အတွက် တစ်ဝက်ဇရပ်လို့ အမည်ပေးထားတာ ဖြစ်မယ်"

"ဒါဆို ငါတို့ က ပခန်းကြီးကနေ ဒီအထိလာခဲ့တဲ့ လမ်းအချိုးအတိုင်း ရှေ့ဆက် သွားရမယ်ပေါ့"

"အဲဒီလိုပဲ ဖြစ်ဖို့ များ ပါတယ် ဆရာကြီး"

ထိုလူကြီးက ဘာမှ ပြန်မပြောတော့။

လူငယ်လေးရဲ့ ဆရာတစ်ဦးဖြစ်ပုံရသော လူရွယ် (လူလတ်ပိုင်း) ကသာ ခေါင်းတဆတ်ဆတ် ညိတ်နေ၏။

ထိုလူသုံးယောက်မှာ .. ပရော်ဖက်ဆာဦးကာလဖေ၊ ဆရာကျော်နှင့် မောင်လွယ်တို့ ဖြစ်ကြသည် ။

******

# (၄)

"ဆရာကျော်.. ဟိုမှာ ချစ်သူရွာထင်တယ်"

မောင်လွယ်က သူ့ဆရာအား လှမ်းပြောလိုက်သည် ။

"အေး.. ဟုတ်တယ်၊ ဟိုမှာ ရွာနာမည်ဆိုင်းဘုတ်ကွ"

သူတို့ အားလုံးမှာ ဝမ်းသာအားရ ဖြစ်သွားသည် ။

မည်သို့ ဆိုသော် ချစ်သူရွာဆိုသော ရွာနာမည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည် ။ ရွာလေးသည် အပြင်ဘက်ကကြည့်လျှင် ရိုးရိုးရွာလေး တစ်ရွာဟု ထင်ရသည် ။

သို့သော် ရိုးရှင်းမှု၏ နောက်ကွယ်တွင် ဆန်းပြားမှုများ ရှိနိုင်သည်ဟု အားလုံး တွေးမိကြသည် ။ ထို့ပြင်..

ထူးဆန်းသော အချစ်ဝလေ့များကို တွေ့ရတော့မည်။

လေ့လာရတော့မည်...

စူးစမ်းရတော့မည်...

ဆိုသော စိတ်ကူးများ နှင့်အတူ ရွာထဲသို့ လှမ်းဝင်လိုက်၏။

ထိုစဉ် ခပ်ဆန်းဆန်း ဆိုင်းဘုတ်တစ်ခုအား လှမ်းတွေ့လိုက်ရသည် ။

"ဟင်"

******

ယောက်ျားများ အလုပ် လုပ်နေသည် ။

******